ဒေါက်တာ ဂျာစင်မ် မုဟမ္မဒ် မုသွင်ဝင်အ် ရေးသားအပ်သော



ပါလစ္စတိုင်း၊ ဂါဇာ၊ မတ်စ်ဂျေဒ် အက္ဂ်ာဆာ

နှိပ်တ်သက်ပြီး

မျိုးဆက်သစ်တို့ကို ပြောပြပေးပါ

မွတ်သီ မုဟမ္မဒ် အာစွင်းမ်
(နဒ်ဝီ၊ မဇ္ဈာဟရီ၊ အဇ္ဇလ်ဟာစနီ)

ဒေါက်တာ ဂျာစင်မ် မုဟမ္မဒ်မုသွဝ်ဝအ် ရေးသားအပ်သော

ပါလစ္စတိုင်းဂါဇာမတ်စ်ဂျေဒ် အက္ကဆွာ

နဲ့ပတ်သက်ပြီး

မျိုးဆက်သစ်တို့ကို ပြောပြပေးပါ.....။

မွဖ်သီမုဟမ္မဒ်အာစွင်းမ်(နဒ်ဝီ၊မဇ္ဈာဟေရီ၊အဗုလ်ဟစန်)

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

ဘာသာပြန်ဆိုသူ ၏ အမှာစာ

الحمد لله وحده والصلاة والسلام على من لانبي بعده وعلى آله وصحبه الذين اتبعوا سننه وهديه . وبعد

(၂၀၂၃)ခု၊အောက်တိုဘာလ(၇)ရက်နေ့မှာ طوفان الأقصي (ပါလစ္စတိုင်း၊အစ္စရေး)စစ်ဆင်ရေးစတင်ခဲ့ပါတယ်။ဒီစစ်ဆင်ရေးဟာ ကမ္ဘာတစ်ဝှမ်းလုံးရဲ့အာရုံစိုက်မှုကို ရရှိခဲ့ပါတယ်။ ဒီစစ်ဆင်ရေးကို အကြောင်းခံပြီး အစ္စရေးတို့ရဲ့ပါလစ္စတိုင်းမွတ်စ်လင်မ်များအပေါ် ရက်စက်ကြမ်းကြုတ်မှုများ၊ဒုက္ခပေးမှုများကိုကမ္ဘာကလည်းသိရှိလာခဲ့ပါတယ်။ပါလစ္စတိုင်းမွတ်စ်လင်မ်ညီနောင်များရဲ့သတ္တိ၊သူတို့ရဲ့ထက်မြက်မှု၊သူတို့ရဲ့မလျော့တဲ့ဇွဲနဲ့ဘဲတွေဟာကမ္ဘာ့အလယ်မှာကျော်ကြားခဲ့ပါတယ်။လူတွေဟာလည်း ပါလစ္စတိုင်းအရေးကိုပိုမိုစိတ်ဝင်စားလာခဲ့ပါတယ်။အထူးသဖြင့်မွတ်စ်လင်မ်ညီနောင်တွေ၊မျိုးဆက်သစ်တွေဟာပါလစ္စတိုင်းအရေး၊မတ်စ်ဂျေဒ့အက္ကဆွာအရေး၊ဂါဇာအရေးကိုစနစ်တကျသိရှိဖို့ပိုမိုလိုအပ်လာခဲ့ပါတယ်။ပါလစ္စတိုင်းအရေးဟာအရင်အမျိုးသားရေးမဟုတ်ပါဘူး။မွတ်စ်လင်မ်ထုတစ်ရပ်လုံးနဲ့သက်ဆိုင်ပါတယ်။သူ့ရဲ့ခမ်းနားလှတဲ့သမိုင်း

ကြောင်းနဗီတွေရဲ့ပွင့်ပေါ်ရာဌာနဖြစ်ခြင်း၊အစ္စလာမ့်ရဲ့တတိယအထွတ်အမြတ်ထားရာမတ်စ်ဂျွေ့ဒ့အက္ကဆွာသူ့ရင်ခွင်မှာတည်ရှိမှုတို့ကြောင့်ပါ။မျိုးဆက်သစ်တွေဟာသူ့ရဲ့ခမ်းနားလှတဲ့ဒီသမိုင်းကိုသိရှိဖို့လိုအပ်လာခဲ့ပါပြီ။ဒီလိုအပ်ချက်ကိုအခြေခံပြီး **"ဒေါက်တာ ဂျာစင်မ် မုဟမ္မဒ် မုသွဝ်ဝအ်"**ရဲ့ရေးသားချက်ကို**မော်လာနာမုဟမ္မဒ်ယာစိရ်အဗ်ဒုလ္လာဟ်(ဗင်နောင်ဝ်ရီယာအစ္စလာမ့်တက္ကသိုလ်=ကရာချီ)**အူရဒူဘာသာပြန်ဆိုခဲ့ပါတယ်။ ကျွန်ုပ်ကလည်း မြန်မာ့မြေမှ ရင်သွေးငယ်များ သိရှိစေရန် ရည်သန်ပြီးစာအုပ်ပါရေးသားချက်များကိုဘာသာပြန်ဆိုခဲ့ပါတယ်။နေ့စဉ်တင်ဆက်နေကျ**"ငါးမိနစ်အတွင်းအောင်မြင်ခြင်းအစီအစဉ်"**မှာလည်းအပိုင်းဆက်အနေနဲ့တင်ပြခဲ့ပြီးဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ချစ်တပည့် မုဟမ္မဒ်ကအဗ်ဗင်နဟစံက စာအုပ်အဖြစ်ထုတ်ဝေဖို့အကြံပြုခဲ့ပြီးသူကိုယ်တိုင်ပြန့်ကျဲနေတဲ့ပို့စ်များကိုစုစည်းပြီးစာအုပ်အဖြစ်ပြုလုပ်လိုက်ပါတယ်။စာအုပ်မျက်နှာဖုံးကိုလည်းချစ်မိတ်ဆွေကြီးဟာဖိဇ်အဗ်ဒုရ်ရဟ်မားန်(ခ)ကိုလွင်ကိုကိုဦးကလှလှပပဆွဲပေးခဲ့ပါတယ်။ဒီလိုနဲ့စာအုပ်ငယ်တစ်အုပ်ဖြစ်ခဲ့ပါပြီ။အရှင်မြတ်သူတို့ကို နှစ်ဘဝမှာ ကောင်းသောအစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။

ဤစာအုပ်ငယ်သည်ပါလစ္စတိုင်း၊ဂါဇာ၊မတ်စ်ဂျွေ့ဒ့အက္ကဆွာအကြောင်းပြည့်ပြည့်စုံစုံတင်ပြသည့်ကျမ်းတစ်ကျမ်းမဟုတ်ပါ။မှတ်စုတစ်ခုထက်မပိုပါ။ကျွန်ုပ်တို့ရင်သွေးငယ်များဗဟုသုတတစ်ခုခုရရှိပြီး၊

မတ်စ်ဂျေဒ့အက္ကဆွာရဲ့အချစ်တရားသူတို့လေးတွေရဲ့ရင်ခွင်မှာစွဲညှိ သွားရင်ဖြင့်ဘာသာပြန်တင်ဆက်ရကျိုးနပ်ပါပြီ။ကျမ်းမြတ်ကုရ်အာန် ကမဂ််လာအပေါင်းခညောင်းတဲ့ရွှေမြေလိုမိန့်ဆိုထားသော၊နဗီတိုရဲ့ အောင်မြေဖြစ်ခဲ့သောပါလစ္စတိုင်းနယ်မြေ၊မတ်စ်ဂျေဒ့အက္ကဆွာရဲ့ချစ် စိတ်များမျိုးဆက်သစ်တိုရဲ့ရင်ထဲအသဲထဲမှာကူးညှိပေးခွင့်ရလျှင်ဖြင့်ပိုမို ပျော်ရွှင်ရပါပြီ.... ။

ကျွန်ုပ်တိုအားလုံးကိုလည်းဤနယ်မြေများကိုအရှင်မြတ်အကြိမ်ကြိမ် ခေါ်ယူတော်မူပါစေ။စာဖြင့်ရောက်ခဲ့သည့်နေရာတိုင်းသို့လည်းအရှင်မြ တ် ခေါ်ယူပေးသနားတော်မူပါ။

မုဟမ္မဒ် အာစွင်းမ် (နဒ်ဝီ)

ဟစ်ဂျ်ရီ (၁၄၄၅)ခု၊ ဂျူမာဒတ်ဆွာနီယာ (၁၂)ရက်

26/12/2023 (Tuesday)

ပါလစ္စတိုင်းမြေကို သမိုင်းတလျှောက် အစ္စရေးတို့ရဲ့ ကျူးကျော်ခဲ့ပုံ အဆင့်ဆင့်



ပါလစ္စတိုင်းဂါဇာမတ်စ်ဂျေဒ်အကြွဆွာနဲ့ပတ်သက်ပြီးမျိုးဆက်သစ်တို့ကို ပြောပြပေးပါ....

သားသား၊မီးမီးတို့ကို... ပြောပြပေးပါ

သားတို့သမီးတို့.... ပါလစ္စတိုင်း ဆိုတာ နဗီတမန်တော်တွေ ရဲ့ ချက်မြှုပ်ရာအရပ်ဒေသပါ။

(၁)နဗီတမန်တော်အိဗ်ရာဟီးမ်ဟာ**ပါလစ္စတိုင်းဒေသ**ကိုပြောင်းရွှေ့နေထိုင်ခဲ့တာပါ။(သခင်ကြီးနဲ့အတူ မိသားစုအချို့ရဲ့ ကဗရ်ဟာလည်း ဒီနိုင်ငံမှာပဲ ယနေ့တိုင်ရှိနေပါတယ်။)

(၂) တမန်တော်လူးသ်ဲ ခေတ်မှာ စာရိတ္တဖောက်ပြန်တဲ့ အမျိုးသားတွေကို အဇာဇ် ပြစ်ဒဏ်ပေးချိန် သခင်ကြီးနဲ့ အမိန့်နာခံသူတွေကို လွတ်မြောက်စေပြီး ပါလစ္စတိုင်းမှာပဲ နားခို စေခဲ့တာပါ။

(၃)တမန်တော်ဒါဝူးဒ်ဟာပါလစ္စတိုင်းမှာပဲဘဝကုန်ဆုံးနေထိုင်ခဲ့ပြီး၊မိမိအတွက်ဝတ်ပြုဆောင်တစ်ခုကိုလည်းဆောက်လုပ်ခဲ့ပါတယ်။(သခင်ကြီးရဲ့ ကဗရ်ဟာလည်း ဒီမှာပဲ တည်ရှိပါတယ်။)

ကျမ်းမြတ်ကုရ်အာန်မှာလာရှိတဲ့အတိုင်းသခင်ကြီးဇဗူးရ်ကျမ်းဖတ်ရွတ်သရစ္ဈာယ်ချိန်တောင်တန်းတွေ၊ကျွေးငှက်ကလေးတွေပါလိုက်ပါယိမ်းမျောခဲ့တာဟာလည်း ဒီဒေသမှာ ဖြစ်ပျက်ခဲ့တာပါ။)

﴿ وَلَقَدۡ ءَاتَيۡنَا دَاوُۥدَ مِنَّا فَضۡلٗاۖ يَٰجِبَالُ أَوِّبِي مَعَهُۥ وَٱلطَّيۡرَۖ وَأَلَنَّا لَهُ ٱلۡحَدِيدَ﴾

[سبأ ١٠]

(၄)တမန်တော်ဆိုလိုင်မာန်ﷺဟာပါလစ္စတိုင်းမှာအခြေချပြီးတစ်လောကလုံးကိုမင်းလုပ်အုပ်ချုပ်ကာစီမံခဲ့တာပါ။မတ်စ်ဂျေ့ဒ်အက္ကဆွာပရဝဏ်တစ်ဝိုက်ယနေ့အချိန်ထိသခင်ကြီးရဲ့လက်ရာမွန်တွေကျန်ရှိနေဆဲပါ။ (စူရဟ်စဗအ်၊စူရဟ်ရှိအရာအ်၊စူရဟ်နမလ်တို့မှာပါရှိတဲ့အကြောင်းအရာအများစုဟာဒီဒေသနဲ့ပတ်သက်ဆက်နွယ်နေတာပါ။)

(၅)ကျမ်းမြတ်ကုရ်အာန်မှာဖော်ပြထားတဲ့ပုရွက်ဆိတ်မလေးရဲ့အကြောင်းအရာ....သူလေးကတမန်တော်ဆိုလိုင်မာန်ﷺနဲ့စကားတွေပြောခဲ့တယ်။ သူ့ရဲ့အုပ်ချုပ်ခံပုရွက်ဆိတ်လေးတွေကို

﴿ يَٰٓأَيُّهَا ٱلنَّمۡلُ ٱدۡخُلُواْ مَسَٰكِنَكُمۡ لَا يَحۡطِمَنَّكُمۡ سُلَيۡمَٰنُ وَجُنُودُهُۥ وَهُمۡ لَا يَشۡعُرُونَ﴾

အို..ပုရွက်ဆိတ်တို့၊ အသင်တို့ရဲ့ တွင်းထဲကို ဝင်ကြကုန်၊ တမန်တော် ဆိုလိုင်မာန်နဲ့သူ့ရဲ့တပ်ကြီးကသတိမမူဘဲအသင်တို့ကိုတက်နင်းမသွား မိပါစေနဲ့။"လိုမိန့်ကြားခဲ့တာဟာပါလစ္စတိုင်းနိုင်ငံ၊အတ်စ်ကလားန်မြို့အ နီးက "ဝါဒီ နမ်လ်" မှာ ဖြစ်ပျက်ခဲ့တာပါ။

(၆)တမန်တော်ဇကရီယာ ﷺ ခဝပ်ရာနေရာဟာလည်း ပါလစ္စတိုင်းမှာပါ။

(၇)တမန်တော်မူစာ ﷺ ဟာ(မြင့်မြတ်တော်မူသောအရှင်မြတ်ရဲ့အမိန့် တော်အရ)

﴿يَٰقَوۡمِ ٱدۡخُلُواْ ٱلۡأَرۡضَ ٱلۡمُقَدَّسَةَ ٱلَّتِي كَتَبَ ٱللَّهُ لَكُمۡ وَلَا تَرۡتَدُّواْ عَلَىٰٓ أَدۡبَارِكُمۡ فَتَنقَلِبُواْ خَٰسِرِينَ﴾ [المائدة ٢١]

မိမိအမျိုးသားတွေကိုအသင်တို့အတွက်သတ်မှတ်ထားပြီးဖြစ်တဲ့သန့်ပြ န့်စင်ကြယ်တဲ့မြေမှာ ဝင်ရောက်ကြ။နောက်ပြန်မလှည့်ကြနဲ့၊အသင်တို့ ဆုံးရှုံးမှုများနဲ့ရင်ဆိုင်ကြရမယ်လို့"မိန့်ကြားခဲ့တာလဲဒီမြေကိုဆိုလိုတာပါ ။**ပါလစ္စတိုင်းမြေဟာဟိုစဉ်အခါကရှိရဲက်(အရှင်မြတ်ကိုတုဖက်နှိုင်းယှဉ် ခြင်း)ဆိုတဲ့ အစွန်းအထင်းကင်းတဲ့ သန့်စင်မြေဖြစ်နေလို့ပါ။**

ပါလစ္ဓတိုင်းဒေသမှာမိုအိဂျေဇာသဘာဝလွန်ကိစ္စရပ်ပေါင်းများစွာ ဖြစ်ပျက်ခဲ့ပါတယ်

ဒီဒေသဟာသမိုင်းအစဉ်အလာအလွန်အင်မတန်ခမ်းနားကြီးကျယ်လှပါတယ်။

၁။တမန်တော်အီစာ ﷺ နဲ့မိခင်မွန်မရိယမ် ﷺ သခင်မတို့ဟာဒီဒေသမှာမွေးဖွားခဲ့ပါတယ်။

၂။ဂျူးတွေကတမန်တော်အီစာ ﷺ ကိုလုပ်ကြံဖို့စီစဉ်တဲ့အခါမြင့်မြတ်တော်မူသောအရှင်မြတ်ကသခင်ကြီးကိုဒီဒေသကနေပဲမိုးကောင်းကင်ပေါ် ပင့်ခေါ်ခဲ့ပါတယ်။

၃။တမန်တော်အီစာ ﷺ ကိုဖွားမြင်ခါနီးအချိန်မရိယမ်သခင်မကြီးဟာအားအင်ချည့်နဲ့နေပါတယ်။မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်ကစွန်ပလွံကိုင်းတစ်ခုကို ကိုင်လှုပ်ဖို့အမိန့်ရှိခဲ့တာဟာလည်း ဒီဒေသရဲ့စွန်ပလွံကိုင်း ဖြစ်ပါတယ်။

(စူရဟ်ဗကရဟ်မှာပါရှိတဲ့မရိယမ်သခင်မနဲ့ သားတော်အကြောင်း၊ စူရဟ်အာလေ့အင်မ်ရာန်မှာပါဝင်တဲ့အင်မ်ရာန်သခင်နဲ့မိသားစုဝင်

အကြောင်း၊စူရဟ်မရ်ယမ်မှာပါဝင်တဲ့မရ်ယမ်သခင်မနဲ့သားတော်အ ကြောင်းတို့ဟာအများသောအားဖြင့်ဒီဒေသနဲ့ပတ်သက်ဆက်နွယ်နေပါ တယ်။

၄။ကျမ်းမြတ်ကုရ်အာန်လာပါလစ္ဘတိုင်းမှာဖြစ်ပျက်သမျှကိစ္စရပ်တွေထဲ မှာစူရဟ်ဗကရဟ်မှာအကျယ်တဝင့်ဖော်ပြထားတဲ့သွာလူးသ်နဲ့ဂျာလူးသ် ရဲ့ အကြောင်းလည်း ပါဝင်ပါတယ်။

၅။ကေယာမသ်နီးချိန်တမန်တော်အီစာ ﷺ ဟာမိုးကောင်းကင်ပေါ်ကနေ ဆီးရီးယားဒေမာ့ရှိတဲ့အဖြူရောင်မျှော်စင်တစ်ခုပေါ်ဆင်းသက်တော်မူ မှာဖြစ်ပါတယ်။ပြီးနောက်ပါလစ္ဘတိုင်းနိုင်ငံရှိ“ဘာဘောလဒ်”အနားမှာဒ ဂျ်ဂျာလ်ကို သုတ်သင်မှာဖြစ်ပါတယ်။

၆။ ကေယာမသ်နီးချိန် ယအ်ဂျူးဂျ်မအ်ဂျူးဂျ်တို့ကို သုတ်သင်မှာလည်း ဒီဒေသမှာ ဖြစ်ပျက်မှာပါ။

ကျွန်တော်တို့ရင်သွေးငယ်တွေမေးကြတယ်။“ပါလစ္ဘတိုင်းဒေသနဲ့

ကျွန်တော်တို့နဗီကြီးရဲ့ စီရင်နဲ့ ဘယ်လို ပတ်သက်ဆက်နွယ်မှုတွေ ရှိနေတာလဲတဲ့....”?

ဗိုလ်ချုပ်ကျမ်းလာဆင့်ပြန်ချက်မှာ
နမားဇဖရဇ်ဖြစ်ပြီးချိန်အစကနဦးပိုင်းမှာပါလစ္ဓတိုင်းဒေသမှာရှိနေတဲ့ “မတ်စ်ဂျေဒ့အက္ကဆွာ” ဘက်ကို လှည့်ပြီး နမားဇဖတ်ရပါတယ်။

မဒီနာရွှေမြို့တော်ကိုကိုယ်တော်မြတ်ﷺ“ဟစ်ဂျရသ်ပြုပြီး(၁၈)လခန့်အထိ”မတ်စ်ဂျေဒ့အက္ကဆွာဟာမွတ်စ်လင်မ်တို့လှည့်ပြီးဝတ်ပြုရာအရပ်ဒေသဖြစ်ခဲ့ပါတယ်။(၁၈)လခန့်ဝတ်ပြုပြီးနောက်ပိုင်းမှာ“ကအ်ဗဟ်ကျောင်းတော်”ဘက်ကိုလှည့်ပြီးနမားဇဝတ်ပြုဖို့အမိန့်တော်ကျရောက်လာခဲ့ပါတယ်။“မိအ်ရားဂျကောင်းကင်ဘုံခရီးစဉ်မစတင်မီအရှင်မြတ်ကချစ်နဗီﷺကိုမတ်စ်ဂျေဒ့အက္ကဆွာကိုဦးစွာခေါ်ဆောင်တော်မူခဲ့ပါတယ်။ဒီဝတ်ကျောင်းတော်မှာပဲကိုယ်တော်မြတ်ﷺကနဗီအပေါင်းကိုဦးဆောင်ပြီးနမားဇဝတ်ပြုခဲ့ပါတယ်။”
အဗူဇရ်ﷺသခင်ကကိုယ်တော်မြတ်ﷺကို“ကမ္ဘာပေါ်မှာပထမဆုံးဆောက်လုပ်ဖြစ်ခဲ့တဲ့ဗလီဝတ်ကျောင်းတော်နဲ့ပတ်သက်ပြီးမေးမြန်းခဲ့ပါတယ်။ကိုယ်တော်မြတ်ﷺကမက္ကာဟ်ရွှေမြို့တော်မှာရှိတဲ့“ကအ်ဗဟ်ကျောင်း

တော်”ဖြစ်ကြောင်းဖြေကြားခဲ့ပါတယ်။ပြီးတဲ့အခါဒုတိယဆောက်လုပ်ဖြစ်ခဲ့တဲ့ဗလီဝတ်ကျောင်းတော်ကိုမေးမြန်းခဲ့ရာကိုယ်တော်မြတ်ကို“မတ်စ်ဂျေဒ့အက္ကဆွာ”ဖြစ်ကြောင်းဖြေကြားတော်မူခဲ့ပါတယ်။ဗလီနှစ်လုံးကြားမှာ“နှစ်ပေါင်း(၄၀)”ကြာညောင်းခဲ့တယ်လိုလည်းကိုယ်တော်မြတ်ကဖြေကြားတော်မူခဲ့ပါ တယ်။

သားတို့သမီးတို့.....ကိုယ်တော်မြတ်ဝဖားသ်ဖြစ်ချိန်မှာအာရေဗျကျွန်းဆွယ်ရှိ လူတစ်စုဟာမုရ်သဒ်(သာသနာကိုကျော်ခိုင်းသွားကြတယ်)၊အဗူဗက်ရ်သခင်ကြီးဟာသမ္မတဖြစ်လာတယ်။သခင်ကြီးကကိုယ်တော်မြတ်ဆီးရီးယား၊ပါလစ္ဘတိုင်းဒေသကိုစေလွှတ်ဖို့သတ်မှတ်ဆုံးဖြတ်ထားတဲ့စစ်တပ်ကြီးကိုစေလွှတ်တော်မူခဲ့ပါတယ်။အမှန်တကယ်တော့ဒီအချိန်ဟာအာရေဗျကျွန်းဆွယ်မှာတည်ငြိမ်အေးချမ်းစေဖို့လူအင်အားသုံးပြီးဆောင်ရွက်ရမယ့်အချိန်ပါ။ပါလစ္ဘတိုင်းနယ်ကိုစစ်တပ်ကြီးစေလွှတ်ခဲ့တာဟာထိုဒေသရဲ့ အရေးပါမှုကို ဖော်ပြမနေဖူးလား...?

သားတို့သမီးတို့သမ္မတကြီးအိုမရ်ရဲ့ရွှေခေတ်ကိုသိကြလား?အောင်နိုင်မှုတွေအလီလီကြုံခဲ့ရပါတယ်။ကမ္ဘာ့ရဲ့နေရာဒေသအများကြီးကိုအောင်နိုင်သိမ်းပိုက်ခဲ့ပါတယ်။သို့ပေမယ့်ပါလစ္ဘတိုင်းကိုအောင်နိုင်သိမ်းပိုက်ချိန်မှတပါးအခြားဘယ်ဒေသကို သိမ်းပိုက်ချိန်မှာမှ မဒီနာမြို့ပြင်

မထွက်ခဲ့ပါဘူး။ပါလစ္စတိုင်းကိုအောင်နိုင်ချိန်မှာတော့သခင်ကြီးကိုယ်တိုင်ဒီဒေသကိုကြွမြန်းတော်မူခဲ့ပါတယ်။ဒီဒေသမှာသခင်ကြီးဟာနမားဇ်ဝတ်ပြုခဲ့ပါတယ်။ငြိမ်းချမ်းစွာနဲ့အောင်နိုင်ခဲ့ပါတယ်။"သွေးတစ်ပေါက်၊မှုန့်တစ်ပြောက်မစွန်းထင်းစေခဲ့ပါဘူး။"မြို့ရဲ့တံခါးသော့တွေကိုကိုယ်တိုင်လက်ခံတော်မူခဲ့ပါတယ်။ရောမသားတွေရဲ့မတရားပြုမှုတွေကနေ မြို့ခံနဆွဲရာနီအပေါင်းကိုကယ်တင်တော်မူခဲ့ပါတယ်။ဒုတိယအကြိမ်ဟစ်ဂျ်ရီ(၅၈၃)ခုနှစ်မှာဆွလာဟွဒ္ဒီးန်အိုင်ယူဗီ သခင်ကြီးကဒီဝတ်ကျောင်းတော်ကိုသိမ်းပိုက်အောင်နိုင်ခဲ့ပါတယ်။အခုဒီနေ့ဟာသမိုင်းဝင်သောကြာနေ့လည်း ဖြစ်ပါတယ်။

သားလေးတွေက မေးကြတယ်....

"ဗိုင်သွလ် မုကဒ္ဒစ်"လို့ ဘာကြောင့် အမည်တွင်သွားတာလဲ...?
ကျွန်တော်ပြန်ဖြေလိုက်ပါတယ်။ကုရ်အာန်ကျမ်းတော်မြတ်"မကျရောက်မီ"အလျင်ကဒီဝတ်ကျောင်းတော်ရဲ့အမည်ဟာဗိုင်သွလ်မုကဒ္ဒစ်ပါ"သန့်ပြန့်စင်ကြယ်တဲ့အိမ်တော်"လို့အမည်ရပါတယ်၊ကျမ်းမြတ်ကုရ်အာန်ကျရောက်တဲ့အချိန်မှာတော့သူနာမည်ကိုအရှင်မြတ်က"မတ်စ်ဂျေဒ့အက္ကဆွာ"(ကအ်ဗာဟ်ကျောင်းတော်နဲ့ဝေးတဲ့ ဗလီဝတ်ကျောင်းတော်")လို့ အမည်ပေးခဲ့ပါတယ်။

ပါလစ္စတိုင်းနဲ့ဆီးရီးယားဒေသတွေမှာဆွဟာဗာပေါင်း(၅၀၀၀)ကျော်ရှိ ဟီးဒ်ဖြစ်ခဲ့ပါတယ်။ဒီဆွဟာဗာကြီးတွေဟာမတ်စ်ဂျေ့ဒ္ဒေအက္ကဆွာဝတ်ကျောင်းတော်ကိုရောမသားတွေရဲ့မတရားမှုတွေကနေလွတ်မြောက်စေချင်ခဲ့တာပါ။“ယနေ့အချိန်ထိ ဒီမြေမှာ ရှဟီဒီတွေရဲ့ သွေးမြေခနေဆဲပါ။ ဒါ့ကြောင့် ဒီမြေဟာ ရှဟီဒီတွေရဲ့ မြေပါ။”

သားလေးကမေးပါတယ်။“မတ်စ်ဂျေ့ဒ္ဒေအက္ကဆွာဟာသားတို့အတွက် ကအ်ဗာကျောင်းတော်ကြီးလို၊မတ်စ်ဂျေ့ဒ္ဒေနဗဝီလိုပဲအရေးပါတာလား? ကျွန်တော်သူ့ကိုပြန်ဖြေလိုက်ပါတယ်။“ဟုတ်တာပေါ့သားလေး....မြင့်မြတ်တော်မူသောအလ္လာဟ်အရှင်မြတ်ကဒီနေရာတွေကိုတစ်နေရာထဲမှာပဲ စုပြီး မိန့်ကြားခဲ့ပါတယ်။

﴿وَٱلتِّينِ وَٱلزَّيۡتُونِ﴾ [التين ١] ﴿وَطُورِ سِينِينَ﴾ [التين ٢] ﴿وَهَٰذَا ٱلۡبَلَدِ ٱلۡأَمِينِ﴾ [التين ٣]

“သဖန်းသီးရဲ့ ကစမ်၊ သံလွင်သီးရဲ့ ကစမ်၊ စီနာတောင်ရဲ့ ကစမ်၊ ငြိမ်းချမ်းသော ဤမြို့ရဲ့ကစမ်။”

အဗ်ဒုလ္လာဟ်ဗင်နဲအဗ္ဗါးစ် ﷺသခင်ကြီးမိန့်တော်မူပါတယ်။သဖန်းမြေဆိုတာဆီးရီးယားဒေသကိုဆိုလိုပါတယ်။သံလွင်မြေဆိုတာကတော့ပါလစ္စ

တိုင်းဒေသကိုဆိုလိုပါတယ်။စီနာတောင်ရှိရာဒေသဆိုတာအီဂျစ်နိုင်ငံကို ရည်ညွှန်းခြင်းပြီးငြိမ်းချမ်းသောမြို့တော်ဆိုတာကတော့မက္ကာဟ်ရွေးမြို့ တော်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။”

ကျမ်းမြတ်ကုရ်အာန်မှာ အရှင်မြတ်က မိန့်တော်မူပါတယ်။

﴿وَلَقَدۡ كَتَبۡنَا فِي ٱلزَّبُورِ مِنۢ بَعۡدِ ٱلذِّكۡرِ أَنَّ ٱلۡأَرۡضَ يَرِثُهَا عِبَادِيَ ٱلصَّٰلِحُونَ﴾

[الأنبياء ١٠٥]

“ဧကန်မုချငါအရှင်မြတ်သည်လောင့်ဟ့်မဟ်ဖူးဇ်သင်ပုန်း၌(ရေးသား တော်မူပြီး)နောက်၊ကောင်းကင်ကျကျမ်း များတွင်လည်း ဧကန်စင်စစ် ((မြေ))ကိုငါအရှင်မြတ်၏သူတော်စင်ကျွန်များပင်အမွေဆက်ခံကြမည် ဟုရေးသားတော်မူခဲ့ပေပြီ။”ဤအာယသ်တော်တွင်ပါရှိသော((မြေ))ဆို သည်မှာဆီးရီးယား၊ပါလစ္စတိုင်းဒေသရှိမြေတို့ကိုဆိုလိုကြောင်းလာရှိ ထားသည်။

“သဖီစီရ်တစ်ခုအရတမန်တော်မြတ်ﷺရဲ့အွမ္မသ်သူ၊အွမ္မသ်သားတွေသာ လျှင်ဤမြေရဲ့ အမွေစားအမွေခံအစစ်အမှန်များဖြစ်ကြကြောင်းသိရှိရပါ တယ်။”

ပါလစ္စတိုင်းက ညီနောင်တွေ ဦးခေါင်းပေါ်မှာ အမြတ်တနိုး ခြုံလေ့ရှိတဲ့ သူတို့ရိုးရာ ပဝါအကြောင်းကို ကျွန်တော့်ရဲ့ ချစ်ဆရာ ဆရာအောင်အောင်သန်းက အခုလို ရှင်းပြထားပါတယ်။



ပါလစ္စတိုင်းမြေပုံလေးကို အနုပညာမြောက်စွာ ဖန်တီးထားတာပါ။

ပါလစ္စတိုင်း အလံ